

# စကားဦး

အတော်ကြာကြာ တခါခါမှ ရေးဖြစ်ခဲ့တဲ့ စာရေးသူရဲ့ ဟိုတစ်စ ဒီတစ်စ ဆောင်းပါး အတိုအစလေးတွေကို ဖတ်ဖြစ်ကြတဲ့ စာဖတ်သူအချို့က စာအုပ် မထုတ်သေးဖူးလားလို့ မကြာခဏ မေးလေ့ရှိကြပါတယ်။

ရေးလိုစိတ်ရှိတဲ့အခါများမှသာ ရေးခဲ့ပြီး စာအုပ်ထုတ်ဝေဖို့အထိ ရည်ရွယ်ပြီးရေးခဲ့တာ မဟုတ်လို့ စာအုပ်အဖြစ် ဖန်တီးဖို့ အားတက်သရော မရှိခဲ့ပါဘူး။ သို့ပေမယ့် ကိုယ်ရေးခဲ့တဲ့ ဆောင်းပါးတစ်ခုခုကို ဖတ်ဖြစ်ကြသူများက "ဟိုအကြောင်းလေးလည်း ရေးပါအုံး၊ ဒီအကြောင်းလေးလည်း ရေးပါအုံး" စသဖြင့် လျှောက်ထားတတ်ကြပါတယ်။ တကယ်တော့ သူတို့ပြောတဲ့ ဟိုအကြောင်း၊ ဒီအကြောင်းဆိုတဲ့ အများစုဟာဖြင့် စာရေးသူ ရေးဖြစ်ဖူးတဲ့ အကြောင်းတွေသာ ဖြစ်နေတတ်တာ များပါတယ်။

ဟိုတစ်စ ဒီတစ်စ ရေးဖြစ်ခဲ့တာဖြစ်လို့ အစုံမဖတ်မိကြတာကြောင့်သာ ခုလိုလျှောက်ထားကြတာ ဖြစ်မှာပဲရယ်လို့ နားလည်မိပါတယ်။ နောက်ပြီး အကြောင်းအရာ စုံနိုင်သမျှစုံအောင် စုပေါင်းထားတဲ့ စာအုပ်လေးတစ်အုပ် ဖန်တီးရလျှင် ကောင်းမှာပဲဆိုတဲ့ အတွေးတစ်ခုကိုပါ ရမိပါတယ်။ ဒါကြောင့် စာအုပ် မထုတ်သေးဖူးလားလို့ မေးတတ်သူများ၊ ဟိုဟိုဒီဒီ အကြောင်းလေးများလည်း ရေးပါဦးလို့ လျှောက်ထားသူများနဲ့ စာရေးသူရဲ့ဆောင်းပါးတွေကို လုံးဝ မဖတ်ဖြစ်သေးသူများအတွက် တစ်စုတဝေးတည်း ဖတ်ရလေအောင် ရေးဖြစ်ဖူးတဲ့အထဲကနေ အကြောင်းအရာစုံနိုင်သမျှစုံအောင် ရွေးချယ်ပြီး ထုတ်ဝေလိုက်ပါတယ်။

အနည်းဆုံး ဒီစာအုပ်ထဲက ဆောင်းပါးတစ်ပုဒ်ပုဒ်ဟာဖြင့် စာဖတ်သူ မေးချင်နေတဲ့ မေးခွန်းတစ်ခွန်းရဲ့ အကောင်းဆုံး အဖြေတစ်ခု ဖြစ်လိမ့်မယ်၊ စာဖတ်သူ တွေးထားဖူးတဲ့ အတွေးတစ်ခုနဲ့ ထပ်တူကျ အတွေး ဖြစ်နေလိမ့်မယ်၊ စာဖတ်သူ စွဲလမ်းလက်ခံယုံကြည်ထားတဲ့ ယုံကြည်မှုတစ်ခုနဲ့ တစ်သားတည်းဖြစ်တဲ့ ယုံကြည်မှုတစ်ခုလည်း ဖြစ်နေလိမ့်ဦးမယ်လို့ ယုံကြည်ခိုင်မာစွာ ပြောလိုက်ချင်ပါသေးတယ်။ ဒါကလည်း ပညာတတ်, မတတ်၊ လူကြီး,လူငယ်, လူရွယ် လူလတ်၊ ရာထူးရှိ,မဲ့၊ ဥစ္စာများ,ရှား၊ ရဟန်း,ရှင်,လူ၊ အားလုံးသောသူတွေအတွက် ဆိုလိုက်တဲ့ စကားပါ။

အဲ သမားရိုးကျ အတွေးစကားမျိုး မဟုတ်လို့မို့–ဆောင်းပါးတစ်ခုခု၊ အယူအဆတစ်ခုခုဟာဖြင့် ရိုးရာအစဉ်အလာ သမားတွေအတွက်တော့ အလွယ်တကူ လက်သင့်ခံသဘောတူဖို့ ခက်ခဲနိုင်စရာ ဆန့်ကျင်ဖက်အတွေးတစ်ခု ဖြစ်ကောင်း ဖြစ်နေလိမ့်မယ်ရယ်လို့လည်း ကြိုတင်ပြောထားချင်ပါတယ်။

ဘာပဲဖြစ်ဖြစ်ပါ၊ ဒီစာအုပ် ထုတ်ဝေမှုရဲ့ အဓိကရည်ရွယ်ချက်ကိုက ငြိမ်းချမ်းစွာ သဘောထားကွဲပြားခြင်းဆိုတာ လူသားတိုင်း၊ လူသားတိုင်းရဲ့ဘဝမှာ ရှိသင့်တဲ့၊ ရှိရမယ့်၊ အစိတ်အပိုင်းတစ်ခုပါပဲဆိုတာ အားလုံးသောသူတွေ နားလည်လက်ခံပေးတတ်စေဖို့နဲ့ တစ်ဦးတစ်ယောက်ရဲ့ တစ်စုံတစ်ခု မှားယွင်းမှုအတွက် ကုစားပြင်ဆင်ချက် ဆေးကောင်းတစ်ခွက် ဖြစ်နိုင်စေဖို့ပါပဲ။

မေတ္တာဖြင့်
အရှင်ဉာဏိကာဘိဝံသ

အရှင်ဉာဏိကရဲ့ မကြာမီမှာ ထုတ်ဝေမယ့် **"ပန်းနဲ့အတူ"** စာအုပ် အမှာစကားဦးပါ၊ စာအုပ်ထုတ်ဝေရာမှာ စိတ်ဝင်စားသူများ၊ အားပေးလိုသူများ အရှင်ဉာဏိက ဖုန်း– ၅၁၀ ၇၉၅ ၀၄၀၅ နဲ့ ၅၁၀ ၆၇၀ ၀၅၅၀ တခုခုဆီသို့ ဆက်သွယ်နိုင်ပါတယ်။ **Email: ashinnanika@yahoo.com**